

BURMA
State Boundary
Main Road
River
Guerilla area
Liberated area
Town
Village
Burmese Fort
Marble Factory
Tin, wolfram mining
Antimony mining
By Samuel Bawi.

## အမှာစာ

ဤသီးခြားလွတ်လပ်သော ကရင်နီပြည်သမိုင်းနှင့်ပါတ်သက်၍ ၁၉၉၄ ခုနှစ် ______________ လ (    ) ရက် နေ့တွင် ကရင်နီအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန မှကြီးမှူး၍ ဖွင့်လှစ်မည့်အုပ်ချုပ်ရေးသင်တန်းသို့ သင်ကြားပို့ချရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ဌာနဝန်ကြီးရဲ့ တောင်းခံမှုအားရယ်ကိုယ်တိုင်လာရောက် ဆွေးနွေးပါသည်၊ အဆိုပါကရင်နီသမိုင်းကိုလွယ်ကူစွာသင်ယူမှတ်သားနိုင် ရေးအတွက်ကရင်နီအမျိုးသားကိုးတက် ရေးပါတ်၊ ပါတ်ဒု-ဥက္ကဌရဲ့ တောင်ထဲဘူးဖဲ့နှင့်သွား ရောက်ညှိနှိုင်း ပြီးကရင်နီသမိုင်းနှင့်ပါတ်သက် သောအ ရေးကြီးသေါအ ချက်အလက်အ ထောက်အထားများကို ကောက်နုတ်၍သင်တန်းတွင်သင် ကြားစာတစ်ခုအ နေနှင့် ရေးသားပြုစုရန်သဘောတူပါသဖြင့်၍ " <u>ကရင်နီသမိုင်း ကောက်နုတ်ချက်စာစောင်</u> " ကို ကောက်နုတ် ရေးသားပြုစုပါသည်။

ဤကရင်နီပြည်သမိုင်း ကောက်နုတ်ချက်စာစောင်ဖြစ် မြောက် ရေးအတွက် မှီငြမ်း သောစာအုပ်များမှာ-

၁။ ခေါင်းဆောင်ကြီးထဲဘူးဖဲ့ ရေးသားပြုစု သော-ကရင်နီပြည်ပေါ်သီး ခြားလွတ်လပ်အနှင့်ကိုယ်ပိုင်ပြဌာန်း ခွင့်သမိုင်းစာစောင်နှင့်
၂။ နယ်ချဲ့ဗမာမင်းအစိုးရအဆက်ဆက်နှင့်ကရင်နီပြဿနာ၊
၃။ အပ်ဖိုးဘားမားဂျိုဇက်တီးယားစာစောင်၊
၄။ ထိုင်းဘာသာဖြင့် ရေးသား သောယူနေဒဲခဲ ရော်နီကယ် စာစောင်၊
၅။ တောင်တန်း ဒေသပုံစံ ရေး ကော်မီတီအစည်းအဝေးမှတ်တမ်း၊
၆။ ဗြိတိသျှအစိုးရပေါ် ( အိုင်၊ အို။ အေဒီ ) အိန္ဒိယရုံးမှတ်တမ်း မှ ကရင်နီပြည်နှင့်ပါတ်သက် သောသျှံ့ဇက် ကြေးနန်းများ၊
၇။ ဥက္ကဌ ဦးဘီတူရီပေါ်ကိုယ် ရေးအတွင်း ရေးမှူး ခဲရီပေါ်ကိုယ် ရေးမှတ်စု၊

ဂ။ စာရေးပြုစုသူ၏ကိုယ်ရေးဒိုင်ယာရီမှတ်စု။ များဖြစ်သည်။

ဤစာစောင်သည်သင်တန်းအတွက်ရည်စူးပြီး ကောက်နှုတ်ပြုစု ရေးသားရခြင်းဖြစ်ပါသော်လည်း ခိုင်လုံသောသမိုင်းအထောက်အထားများပြီးပြည့်စုံစွာရှိသင့်သလောက်ရှိသည့်အတွက် နောင်တချိန်တိကျသောသမိုင်းကိုပြုစု ရေးသားရန်အလွယ်တကူအထောက်အကူလည်းဖြစ်နိုင်ပါသည်။

ဤစာစောင်ကို ရေးသားပြုစုပြီးပြင်ဆင်ဖြည့်စွက်ပြုပြင်ရန်အတွက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီ ဒု–ဥက္ကဋ္ဌ စိစစ်ပြီးရိုက်နှိပ်ထုတ်ဝေဖြန့်ချိပါသည်။

တဆက်တည်း ၁၉၇၇ ခုနှစ်မှစ၍ ယနေ့အထိအဆင့်ဆင့်သော ခေါင်းဆောင်ကြီးများ၏အတ္ထုပ္ပတ္တိနှင့်လုပ်ငန်းဆောင်တာနှင့်သမိုင်းဖြစ်စဉ်များကိုရှာဖွေ၍ ဆောင်း ရေးသားပြုစုလျက်ရှိပါသည်၊ ၎င်းစာစောင်များပြီးဆုံးပါကရိုက်နှိပ်ထုတ်ဝေမည်ဖြစ်ကြောင်းသတင်းကောင်းပါးလိုက်ပါသည်။

10/7/94

၁၉၉၄ ခုနှစ်ဇူလိုင်လ(၁၀)ရက်။

(ဆယ်မြရယ်)

# ကရင်နီသမိုင်း အကျဉ်းချုပ်။

## ၁။ ကရင်နီလူမျိုးတို့၏ ဆင်းသက်လာပုံ။

ကရင်နီလူမျိုးတို့သည်ကရင်အနွယ်ဝင်ထဲမှတစ်နွယ်ဖြစ်၍ နီသော အရောင်ကို ဝတ်စားဆင်ယင်ရန်ကြိုက်နှစ်သက်ကြသဖြင့် ကရင်နီ ဟု အမည် ခေါ်ဆိုကြပါသည်။ အင်္ဂလိပ်ဘာသာဖြင့်(Red Karen ) နီသောကရင်ဟုအဓိပ္ပါယ် ပေါ်လွင်ပါသည်။

ကရင်အနွယ်ဝင်တို့သည် ရှေးအခါက အရှေ့အာရှအလယ်ပိုယ်ပိုင်း သဲစီး ချောင်းအရပ် ဒေသ( ဈေးဆာတမ ) ခေါ်( ထီးဆက်မက်ယွာ ) တွင် နေထိုင်ပြီး ရေကြည်ရာမြက်နုရာအရပ်သို့ ရွှေ့ပြောင်းလာရာ မွန်ဂိုလီယာတွင်မြို့ကြီး ရွာကြီးများကိုတည်ပြီး နေထိုင်လုပ်ကိုင်စား သောက်ကြလေသည်၊ ယို့သော်ကာလကြာမြင့်လာသောအခါလုပ်ကိုင်စား သောက်ရန် နေရာကျဉ်း လာသဖြင့်ခရစ် တော်မပေါ်မီသက္ကရာဇ် ၁၁၂၀ဘီစီတွင်မွန်ဂိုလီယာမှ နေ၍ တောင်ဖက်သို့ဆင်းလာရာ ခရစ် တော် ပေါ် မီသက္ကရာဇ်ရ ၇၃၉ဘီစီတွင်မိမိနိုင်ငံကို ဘောင်ခတ် ပြီး ကိုယ့်မင်းကိုယ့်ချင်းဖြင့်သီးခြားလွတ်လပ်စွာအုပ်ချုပ် နေထိုင် လုပ် ကိုင်စား သောက်ကြ လေသည်။

( မြေပုံ၌ သောက်အထားကိုကြည့်ပါ)

## ၂။ ကရင်နီအမျိုးသားဖြစ် သော မျိုးနွယ်စုများ ။

ကရင်နီအမျိုးသားဆိုသည်မှာကယား၊ ကယန်း၊ ကယော၊ မနော၊ ပကူးနှင့် ဂေခို ဂေဘာ မျိုးနွယ်စု ပေါင်းစည်းထားသော လူမျိုးများဖြစ်သည်၊ ဤကဲ့သို့ ခေါ်ဝေါ်ကြသည်မှာနယ်ချဲ့ဗမာကျူး ကျော်ရေးအုပ်စုတို့ကကရင်နီပြည်ကိုဝင် ရောက်ကျူး ကျော်ပြီးသည့်နောက်ပိုင်းတွင်သာ ခေါ်ဆိုကြသည်၊ စင်စစ် သော်ကားယခင်နယ်ချဲ့ဗမာ ကျူး ကျော် ရေးသမားများမဝင် ရောက်ကျူး ကျော်သည့်အချိန်ကာလ တွင် ၄င်းမျိုးနွယ်စုများကိုနယ် မြေဒေသအလိုက် ခေါ်ဝေါ်ကြသည်။ ကယားတို့သည် ချောင်းဝ မြေပြန့်တွင် နေထိုင်ကြသဖြင့်( လောင်းကန်း —လကန်း )ဟု၍ကယန်းဘာသာဖြင့်လည်း ကောင်း၊ ( လျှားကြား — လီးကြား )ဟု၍ကယားဘာသာဖြင့်လည်း ကောင်း၊ ကယန်းကို ( ဆေါင်း

ဆု-လဆု)ကယားဘာသာဖြင့်(လျား ဧျး -လ ဧျး)၊ အနောက်ဖက်ဆိုင် နေထိုင်သောသူများကို(မနူး)နှင့်နယ်စပ်တွင်စောင့်ထိန်းကြီးကြပ်သူတို့ကို(ပိုး ကူး -ပကူး)ဟု ခေါ်ဆိုကြလေသည်။ ထိုမျိုးနွယ်စုအားလုံးတို့သည်ကရင်နီအမျိုးသားများဖြစ်ကြပါသည်။

## ၃။ <u>ကရင်နီအမျိုးသားစာပေ</u>၊

ကရင်နီလူမျိုးသည်မိမိနိုင်ငံ၊ မိမိအမျိုးသားတရပ်အနေဖြင့် သီးခြားလွတ်လပ်သောလူမျိုးတစ်မျိုးဖြစ်ကြောင်းကိုခိုင်လုံသောသမိုင်းအထောက်အထားနှင့်တကွစာပေတစ်ရပ်ဖြင့်ဖော်ပြခဲ့သည်ကိုတွေ့ရှိကြပါသည်။ ၎င်းစာသည် ၁၈၇၉ ခုနှစ်ဩဂုတ်လ (၂၉) ရက်နေ့၌သီကျိုရဆရာတော်နာသာဘရောင်းမှ ဒေါက်တာစတိုင်း(လ်)ထံရေးပို့သောစာအရ၊ ၁၈၆၉ ခုနှစ်တွင်သီကျိုရဆရာတော်ရော၊ ဘီ၊ ဗစ်တန်ကကြယ်ဖိုးကြီးသို့အလည်အပတ်သွားရောက်စဉ်စောဖျာဘားဖိုးဒုထံမှလက်ခံရရှိသောစာနှင့် ၁၈၇၁ ခုနှစ်တွင်၎င်းစောဖျာထံမှသီကျိုရဆရာတော်အော်ဘန်ကာလက်ခံရရှိသောစာများဖြစ်သည်၊ ဒေါက်တာခရစ်အဆိုအရ၎င်းစာများသည်ဆင်စွယ်ရွက်ပေါ်တွင်ရေးသားထားအလျား - ၆ ၁/၄ လက်မ၊ အနံ - ၂ ၁/၈ လက်မ၊ အထူ ၁/၄ လက်မရှိသည်။ ထိုစာများသည်စောဖျာဘားဖိုးဒုလက်ထဲ(၅)ခုတွေ့ရှိသေးကြောင်းမှတ်တမ်းတင်ထားခဲ့ပါသည်။

## ၄။ ကရင်နီပြည်၏ တည်နေရာ အကျယ်အဝန်းနှင့်နယ်နိမိတ်။

ကရင်နီပြည်၏ တည်နေရာ၊ အကျယ်အဝန်းနှင့်နယ်နိမိတ်ကို ၁၇ ရာစု၊ ၁၈ ရာစု မြေပုံနှင့်ကြည့်လျှင်ကွာခြားလျက်ရှိသည်ကို တွေ့မြင်ရပါသည်။

ယခုလက်ရှိတည်နေရာ၊ အကျယ်အဝန်း နှင့်နယ်နိမိတ်မှာ — ကရင်နီပြည်သည် ဗမာပြည်နှင့်ထိုင်းနိုင်ငံအကြားတွင်တည်ရှိသည် ။

အရှေ့လောင်ဂျီတွဒ် ၉၇ . ၁၀ မှ ၉၇ . ၅၀ အထိ၊ မြောက်လတ္တီတွဒ် ၁၈ . ၅၀ မှ ၁၉ . ၅၅ အထိ၊ အကြားတွင်တည်ရှိသည်။ အကျယ်အဝန်းမှာ ၄၅၀၂ စတုရန်း မိုင်ကျယ်သည်။

၅။ <u>ကရင်နီပြည်သည်သီးခြားလွတ်လပ်</u> <u>ကြောင်းသမိုင်းအထောက်အထား</u> ။

၁။ ၁၇၇၁ ခုတွင် ဖိုးဘွားဒကိုမင်း မြောက်ပြီး တိုင်းပြည်ကိုအုပ်ချုပ် စေသည်။ မရွှေးမရွှောင်းတွင်ဖိုးဖော်ကြီးက စောလုံးမြို့ကို တည် ပြီးအရှေ့ကရင်နီကိုအုပ်ချုပ်သည်။ ထိုမင်းနှစ်ပါးသည်နိုင်ငံတော် ရေးအခင်းနှင့်ပါတ်သက်လာလျှင်ညှိနှိုင်းတိုင်ပင်ကြပြီးအတူ တကွ ဆောင်ရွက်ကြသည်။

၂။ ၁၈၀၉ ခုနှစ်တွင်ဇင်းမယ်ဘုရင်နှင့်ကရင်နီ စောဖျာဖိုးဖော် ကြီး နှစ်ပြည်ထောင်ထာဝစဉ်မဟာမိတ်စာချုပ်ကို ချုပ်ဆိုခဲ့သည်။ (သမိုင်းအထောက်အထားကို နောက်ဆက်တွဲ (က) တွင် ဖော်ပြသည်)

၃။ ၁၈၁၁ ခုနှစ်တွင်ရမည်းသင်းဝန်သည်ဗမာတပ်ကိုဦး ဆောင်ပြီး ကရင်နီပြည်ကိုလာရောက်တိုက်ခိုက်သည်။ သို့သော် မအောင်မြင်ပါ။

၄။ ၁၈၂၀ ခုနှစ်တွင်ဗမာတပ်က မိုးဗြဲကိုလာရောက်တိုက်ခိုက် သည်၊ ထိုတပ်ကိုကရင်နီက ၁၈၂၃ ခုနှစ်တွင်တိုက်ထုတ်နိုင်ပြီး ဗ မာတပ်ကိုဦးဆောင်သောကတ်လှိုင်ကိုဖမ်းမိသည်၊ မိုးဗြဲနယ် သူ နယ်သားများကကတ်လှိုင်ကိုနယ်နှင်လိုက်သည်။

၅။ ၁၈၂၆ ခုနှစ်တွင်ကရင်နီ စောဖျာကြီးကအင်္ဂလိပ်နှင့်ဆက်ဆံရန် မော်လမြိုင်မြို့သို့ စေတမန် စေလွှတ်ခဲ့သည်။

၆။ ၁၈၃၅ ခုနှစ်တွင်ဗမာတပ်ကကရင်နီပြည်ကိုဝင် ရောက်တိုက် ခိုက်ပြန်သည်၊ သို့သော် မအောင်မြင်ချေ။

၇။ ၄င်းနှစ် ( ၁၈၃၅ ) ခုနှစ်တွင်အင်္ဂလိပ်အစိုးရကတရုပ်ပြည် နှင့်ကုန်သွယ်ရေးလမ်းဖွင့်ရန်ကရင် စောဖျာထံခွင့်ပန်သည်။

၈။ ၁၈၃၇ ခုနှစ် ဖေဖော်ဝါရီလ ( ၂ ) ( ၃ ) ( ၄ ) ရက်တွင်အင်္ဂ- လိပ်အစိုးရမှ ဒေါက်တာရစ်ချဒ်ဆင်ကို စောဖျာဖိုးဖော်ကြီး ထံ စေလွှတ်ပြီး တရုပ်ပြည်သို့သွားရန်ဖြတ်သန်း ခွင့်တောင်းခံ စေသည်၊ စောဖျာဖိုးဖော်ကြီး လည်း နှစ်ပြည်ထောင်ချစ်ကြည် ရေးကို ရှေ့ရှုပြီး ခွင့်ပြုလိုက်သည်။

၉။ ၁၈၄၅ ခုနှစ်တွင်အင်းဝဘုရင်က ဗမာတပ်ကို စေလွှတ်ပြီး က ရင်နီပြည်ကိုဝင်ရောက်တိုက်ခိုက်စေသည်၊ ဗမာတပ်လည်း အ ရေးနိမ့်ပြီးဆုတ်ခွာရသည်၊ ဗမာတပ်ကိုဦးဆောင်သောခွန်

ဆာကိုထီးပေါ်ကူးတွင်လက်ရဖမ်းဆီးမိပြီးထီးပေါ်ကူး အင်းထဲတွင်ပစ်ချလိုက်သည်။

၁၀။ ၁၈၅၅ ခုနှစ်တွင်အင်္ဂလိပ်အစိုးရက စစ်တောင်းမြစ်အရှေ့နှင့်အနောက်နယ်နိမိတ်သတ်မှတ်ရန်ကြက်ဖိုးကြီးကရင်နီ စောဖျာထံ စေတမန် စေလွှတ်ခဲ့သည်။

၁၁။ ၁၈၅၇ ခုနှစ်တွင်အင်္ဂလိပ်အစိုးရကိုယ်စားလှယ် မစ္စတာအိုရိုင်း သည် ကြက်ဖိုးကြီးသို့ ရောက်လာပြန်သည်၊ အင်္ဂလိပ်အစိုးရ၏ကိုယ်စားလှယ် ဒါလ်ဟိုဇီက ကရင်နီပြည်၏ သီးခြားလွတ်လပ်မှုကိုအသိအမှတ်ပြုသည်။

၁၂။ ၁၈၆၂ ခုနှစ်တွင်အင်္ဂလိပ်အစိုးရမှ စောဖျာ ကားဖိုး ဒူထံ စေတမန် စေလွှတ်ပြီးသံတမန် ရေးရာဆက်ဆံသည်။

၁၃။ ၁၈၆၉ ခုနှစ်တွင်အင်္ဂလိပ်အစိုးရကကရင်နီပြည် စောဖျာ ကားဖိုးဒူထံ စေတမန်ထပ်မံ စေလွှတ်ပြီးကရင်နီပြည်၏ သီးခြားလွတ်လပ်မှုကိုအသိအမှတ်ပြုကြောင်းတရားဝင်ထုတ်ပြန် ကြေငြာသည်။

၁၄။ စောဖျာ ကားဖိုး ဒူကွယ်လွန်ပြီးသည့်နောက်သား သော်နှစ်ပါးဖြစ်သော စောဖျာခွန်ထီးနှင့်ခွန်သွားတို့က ခမည်း တော်၏ အရိုက်အရာကို ခံယူကြသည်။

၁၅။ ၁၈၇၅ ခုနှစ်ဇွန်လ( ၂၁ ) ရက်နေ့တွင်ဗမာမင်းအစိုးရကိုယ်စား ကင်းဝန်မင်းကြီး၊ အင်္ဂလိပ်အစိုးရကိုယ်စားဆာဒေါက်လပ်ဖေါ်ဆက်တို့ကကရင်နီပြည်သည်သီးခြားလွတ်လပ်ကြောင်းအသိအမှတ်ပြုစာချုပ်ကို ကရင်နီပြည်အစိုးရ၏ကိုယ်စား စောဖျာခွန်ထီး ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုပြီးလက်မှတ်ရေးထိုးကြပါသည်။
( သမိုင်းအထောက်အထားကိုပူးတွဲထားသည်။ )
( ဇွန်လ( ၂၁ ) ရက်နေ့သည်ကရင်နီအမျိုးသားနေ့ဖြစ်သည်။ )

၁၆။ ၁၉၂၂ ခုနှစ် အောက်တိုဘာလ( ၁၉ ) ရက်နေ့ပါအင်္ဂလိပ်အစိုးရနိုင်ငံခြားရေးဌာနမှအမိန့်ထုတ်ပြန်ကြေငြာချက်စာအမှတ် - ( ၁၉၂၃ ) အား၊ နှင့်၁၉၂၃ ခုနှစ်ဇန္နဝါရီလ( ၁၆ ) ရက်နေ့ပါ စာအမှတ်( ၆၃-၁၁၆၅ ) အရကရင်ပြည်သည်ဗမာပြည်နှင့်လုံးဝမပါတ်သက်ကြောင်းအတိအလင်း ဖေါ်ပြထားသည်။

၁၇။ ၁၉၃၆ ခုနှစ်တွင်အင်္ဂလိပ်အစိုးရကအိန္ဒိယနှင့်ဗမာပြည်ကိုခွဲအုပ်ချုပ်ရန် ချမှတ်ပြီးသည့်နောက် ၁၉၃၇ ခုနှစ်ဧပြီလ( ၁၀ရက်နေ့ တွင်( ၉၁ ) ဌာနအုပ်ချုပ်ရေး ချမှတ်ရာတွင်ကရင်နီပြည်သည်တ

ခြားနိုင်ငံတစ်နိုင်ငံ၏လက် အောက်ခံနိုင်ငံမဟုတ် ကြောင်း၊
သီးခြားလွတ်လပ် သောနိုင်ငံဖြစ် ကြောင်းအတိအလင်း ဖော်ပြပါ
သည်။

၁၀။ ၁၉၄၂ ခုနှစ် ( ဗမာသက္ကရာဇ် ၁၃၀၅ ဝါခေါင်လဆန်း ( ၁ ) ရက် နေ့၊ ဂျပန်သက္ကရာဇ် ၁၀ရ၁ ခု ( ၈ ) လ ( ၁ ) ရက် နေ့တွင် ဂျပန်စစ်အစိုးရ ခေါင်း ဆောင်ဂျီစူကာ ဝါတီနှင့်ဗမာခေါင်း ဆောင် ဒေါက်တာဘ မော် ချုပ်ဆိုသည့်စာချုပ်အရ ကရင်နီ ပြည်သည် ဗမာပြည်နှင့်ရှမ်းပြည်နှင့်လုံးဝမသက်ဆိုင် ကြောင်း ဖော်ပြထားသည်။

၁၉။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း ကရင်နီပြည်တွင်းသို့ဝင် ရောက်နယ်ချဲ့ကျူး ကျော်လာ သော ဖက် ဆစ်ဂျပန်စစ်အုပ်စုကို ခုခံတိုက် ခိုက်တွန်းလှန်နိုင် ရေးအတွက်ကြက် ဖိုးကြီးနယ်မှ စောဘဖုအဲစောဘရွှေ၊ ကန္တာရဝတီနယ်မှ စဝ်ဝဏ္ဏ၊ ဘောလခဲနယ်မှကိုတီးတုရီ၊ မိုးဗြဲနယ်မှသိုင်းဘဟန်ဦး ဆောင် ကြပြီး တပ်အင်အား ( ၂၀၀၀ ) ကိုစုစည်း၍ မဟာမိတ်အင်္ဂလိပ် အစိုးရတပ်အမှတ်၁၃၆နှင့်တပ် ပေါင်းစုဖွဲ့ပြီးနယ်ချဲ့ဖက်ဆစ်ဂျ ပန်တပ်များကို အောင်မြင်စွာအပြီးအပိုင်ကရင်နီပြည်မှတွန်း လှန်တိုက် ခိုက်နိုင် ခဲ့သည်။

၂၀။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းဘ ဖက်က မိမိနိုင်ငံကိုဝင် ရောက်ကျူး ကျော် သောနယ်ချဲ့ဖက်ဆစ်စစ်အုပ်စုကို မဟာမိတ်တပ် ပေါင်းစုဖြင့် အောင်ပွဲခံခဲ့သကဲ့သို့ အင်္ဂလိပ်အစိုးရလည်းကရင်နီအမျိုးသားတပ် နှင့်မဟာမိတ်ဖွဲ့ခြင်း ဖြင့်အင်အား တောက်တင်းလာပြီး အောင် ပွဲဆင်နိုင်သည့်အတွက်အမှတ်တရသတိရ သောအမှတ်အသားဒိုင်းတစ် ခုကို ပေးအပ်ပါသည်။ ထိုဒိုင်းတွင်ပါရှိ သောစာတမ်းမှာ – သူတို့မ အုပ်ချုပ် သောနယ် မြေရှိကရင် ( ဆိုလိုသည်မှာကရင်နီ ) တို့အား ဂုဏ်ပြု ကြောင်း၊ သူတို့ကို နေဝင်သည်မှအစမိုး လင်းသည်အထိထာ ဝစဉ်သတိရပါမည်ဟုစာတမ်းထိုးထားသည်၊ ၄င်းစာတမ်းအထက် ပိုင်း မှာအင်္ဂလိပ်နိုင်ငံ တော်တံဆိပ်နှင့်အမှတ်၁၃၆တံဆိပ်ကို ရိုက်နှိပ်ထားပါသည်။ ( ဒိုင်း ပုံစံပူး တွဲထားသည်။ )

# အပိုင်း ( ၁ )

## ၂၁။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ကရင်နီပြည်အခြေအနေ

ကရင်နီလူမျိုးတို့သည် မိမိပြည်ကို ကန္တာရဝတီ၊ ကြယ်ဖိုးကြီး၊ ဘောလခဲ၊ နောင်ပုလဲနှင့် နန်းမယ်ခုံဟူ၍ နယ်ကလေး (၅) နယ်ခွဲထားပြီး၊ ၎င်းနယ်အသီးသီးသည် စော်ဘွားများ အုပ်ချုပ်လျက်ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ နောင်ပုလဲနယ်နှင့် နန်းမယ်ခုံနယ်တို့သည် နယ်ရှိပြည်သူများဆန္ဒအရ ဘောလခဲနယ်နှင့် ပြန်လည်ပူးပေါင်းသဖြင့် ကြယ်ဖိုးကြီး၊ ကန္တာရဝတီနှင့် ဘောလခဲသုံးနယ်သာ ပြန်လည်ထားရှိကြသည်။

ကရင်နီအမျိုးသားခေါင်းဆောင်များသည် ဒုတိယကမ္ဘာစစ်ကြီးကြောင့် နိုင်ငံရေးအမြင်ကျယ်လာပြီး ယခင်စော်ဘွားများ မိမိသီးခြားနယ်ကို လွတ်လပ်စွာ အုပ်ချုပ်၍ တစ်နိုင်ငံလုံးအရေး အခင်းဖြစ်ပေါ်လာပါက မင်းညီလာခံကို ကျင်းပပြီး ဆွေးနွေးဆုံးဖြတ် ချမှတ်ကြသကဲ့သို့၊ တိုင်းပြည်ကို အုပ်ချုပ်ရာတွင် နိုင်ငံတနိုင်ငံအသွင်ဖြင့် နိုင်ငံရေးအဖွဲ့အစည်း၊ အဆင့်လိုက်နိုင်ငံတော်ခေါင်းဆောင်များကို ရွေးကောက်ဖွဲ့စည်းလိုကြပါသည်။

၁၉၄၅ ခုနှစ်၊ သြဂုတ်လအတွင်း ကရင်နီအမျိုးသားခေါင်းဆောင်များ၊ စော်ဘွားများနှင့် နယ်အသီးသီးမှ လူထုကိုယ်စားလှယ်များသည် အစည်းအဝေးတခုကို ကျင်းပပြုလုပ်ပြီး နိုင်ငံတော်ကို ဦးစီးကွပ်ကဲရန် နိုင်ငံတော်အာဏာပိုင်များကို ရွေးကောက်တင်မြှောက်လိုက်သည်။ ၎င်းတို့မှာ ကြယ်ဖိုးကြီးနယ်မှ စော်ဘွားစောရွှေ၊ ကန္တာရဝတီနယ်မှ စဝ်လဝီနှင့် စဝ်ဝဏ္ဏ၊ တောင်ဘောလခဲနယ်မှ စော်ဘွားခွန်ဖူနှင့် စဝ်ငယ်ဒွိုး၊ မြောက်ဘောလခဲနယ်မှ ဦးဘီတူရီ၊ မိုးဗြဲနယ်မှ ဆိုင်းဘတဟန်တို့ဖြစ်သည်။

ထိုအစည်းအဝေးတွင် ကရင်နီပြည်မှ ခေါင်းဆောင်များသည် မိုးဗြဲနယ်မှ ခေါင်းဆောင်ကြီး ဆိုင်းဘတဟန်အား မိုးဗြဲနယ်သည် ရှမ်းပြည်အစိတ်အပိုင်းဖြစ်သဖြင့် မိုးဗြဲနယ်သည် ကရင်နီပြည်နှင့် ပူးပေါင်းရန်ဝမ်းသာအားရ ကြိုဆို လက်ခံပါသော်လည်း အများပြည်သူဆန္ဒအရ ပူးပေါင်းလိုပါက သာ၍ ကောင်းမည်ဟု အကြံပြုလိုက်သည်။

မိုးဗြဲနယ်မှ ခေါင်းဆောင်ကြီးသိုင်းဘဟန်လည်း ၎င်းအကြံပြုချက်ကိုလက်ခံပြီး အစည်းအဝေးပြီးလျှင်ပြီးချင်း မိုးဗြဲနယ်သို့ပြန်၍ မိုးဗြဲနယ်မှပြည်သူလူထုများ၏ဆန္ဒ ရယူရန်အတွက် မိုးဗြဲနယ်မှပြည်သူလူထုတရပ်လုံးသည်မိမိမိုးဗြဲနယ်ကိုကရင်နီပြည်နှင့် ပူးပေါင်းရန်ဆန္ဒရှိ မရှိ ပါကတအိမ်ထောင်လျှင် ငွေတစ်ကျပ်မဲဆန္ဒဖြင့်ထည့်သွင်းရန် ကြေငြာလိုက်ပါသည်။ ဤကဲ့သို့တအိမ်ထောင်လျှင်ဆန္ဒမဲအနေဖြင့် ငွေတစ်ကျပ်ကောက်ခံရာတွင် မိုးဗြဲနယ်မှပြည်သူတို့သည် ခေါင်းဆောင်ကြီးသိုင်းဘဟန်ထံခြွင်းချက်မရှိ ရာနှုန်းပြည့်ထည့်သွင်းကြပါသည်။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ( ၁) ရက်နေ့တွင်ကရင်နီအမျိုးသားခေါင်းဆောင်များ ချမှတ်သောအုပ်ချုပ်ရေးယန္တရားကို လေ့လာအကြံပြုရန်မဟာမိတ်ဗြိတိသျှအစိုးရတို့က ဝီးလ်ဘတ်ဂရာစူး နှင့်အတူ မေဂျာဂရေဟန်ကိုကရင်နီပြည်သို့ စေလွှတ်ခဲ့သည်။

အင်္ဂလိပ်တို့သည်တဖက်တွင်သီးခြားလွတ်လပ်သောကရင်နီပြည်ကိုအသိအမှတ်ပြုသကဲ့သို့၊ တဖက်တွင် နောင်တကြိမ်ဗမာပြည်ကိုလွတ်လပ်ရေးပေးလျှင် ကရင်နီပြည်ကို တောင်တန်းဒေသနှင့်ပူးပေါင်းရန်မဲဆွယ်ကြပါသည်။ ထို့ကြောင့်မစ္စတာ စတီဗင်ဆင်ကိုကရင်နီ ခေါင်းဆောင်များနှင့်သွားရောက်တွေ့ဆုံဆွေးနွေးရန် စေလွှတ်ခဲ့သည်။ ရှမ်းပြည်ရှိ စော်ဘွားများကလည်းပထမအကြိမ်ပင်လုံညီလာခံ ပြုလုပ်သောအစည်းအဝေးတွင်ကရင်နီအမျိုးသား ခေါင်းဆောင်များအား ဖိတ်ကြားပါသော်လည်းကရင်နီအမျိုးသားခေါင်းဆောင်များသည်ကရင်နီပြည် သည် သီးခြားလွတ်လပ်သောနိုင်ငံတနိုင်ငံဖြစ်သည့်အလျောက်ရှမ်းပြည်မှ စော်ဘွားများဖိတ်ခေါ်သောအစည်းအဝေးသို့လုံးဝတက်ရောက်ခြင်းမရှိခဲ့ပေ။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၅) ရက်နေ့တွင်ကရင်နီအမျိုးသားအစည်းအရုံးကိုဖွဲ့စည်း၍ ၎င်းအဖွဲ့ဥက္ကဋ္ဌအဖြစ်ဦးဘီတူရီအားရွေးကောက်တင်မြှောက်လိုက်ပါသည်။ ဤကဲ့သို့နိုင်ငံရေးအဖွဲ့အစည်းကိုဖွဲ့စည်းပြီးသည်နှင့်ဗမာပြည်မှ ဖဆပလအဖွဲ့ခေါင်းဆောင်များဖြစ်သောသခင်နု၊ ဦးဖေခင်နှင့်မန်းဘခိုင်တို့သည် ၁၉၄၆ ခုနှစ်၊ မတ်လပထမအပတ်တွင်လွိုင်ကော်မြို့သို့ရောက်ရှိလာပြီးကရင်နီပြည်ကိုဗမာပြည်နှင့်ပူးပေါင်းရန်မဲဆွယ်တရားဟောခဲ့သည်။

ထိုတောပြောပွဲတွင်ကရင်နီအမျိုးသားခေါင်းဆောင်များတဦးတယောက်မျှ မတက်ရောက်ခဲ့ချေ။

၁၉၄၆ ခုနှစ်၊ မတ်လ( ၃၁) ရက်နေ့တွင် တောင်တန်းဒေသနှင့်ပူးပေါင်းရေးအစည်းအဝေးတွင် ဆွေးနွေးရန်ရှမ်းစော်ဘွားများ၊ ကချင်ဒူးဝါးများ၏ ဖိတ်ကြားချက်အရကန္တာရဝတီနယ်မှ စောဖျာစဝ်လဝီနှင့် စဝ်ဖီနု၊ လူထုကိုယ်စားလှယ် စဝ်သိန်းနှင့်ဦးဘသောင်း၊ ကြယ်ဖိုးကြီးနယ်မှ စောဖျာစဝ်ရွှေ၊ လူထုကိုယ်စားလှယ်ဦးအော်မြလေး၊ ဘောလခဲနယ်မှ စောဖျာစဝ်ငယ်ဒူး၊ လူထုကိုယ်စားလှယ်ဦးလှိုးဇီ၊ မိုးဗြဲနယ်မှသိုင်းဘဟန် တို့တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင်ကရင်နီခေါင်းဆောင်များနှင့်လူထုကိုယ်စားလှယ်တို့သည်ကရင်နီပြည်သည်သီးခြားလွတ်လပ်သောနိုင်ငံတနိုင်ငံဖြစ်၍ တောင်တန်းဒေသနှင့်မပူးပေါင်းနိုင်ကြောင်း ပြောကြားပြီးပြန်လာခဲ့သည်။

၁၉၄၆ ခုနှစ်၊ ဧပြီလ( ၃) ရက်နေ့တွင်ဗွန်ဂရက်တရိဝ်ကိုကျင်းပပြုလုပ်၍ကရင်နီ/ပ ဒေါင်ကောင်စီ၊ အင်္ဂလိပ်ဘာသာဖြင့်(          )ကိုဖွဲ့စည်း၍ ကောင်စီဥက္ကဋ္ဌအား နေဖြင့်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌဦးဘိတူရီအား ရွေးကောက်တင်မြှောက်လိုက်ပါသည်။ ၎င်းကောင်စီတွင် ကောင်စီဝင်လူကြီးများမှာ တနယ်လျှင် စောဖျာလက်ထောက်တဦးနှင့်လူထုကိုယ်စားလှယ်( ၃) ဦး၊ ပေါင်း( ၄) ဦးပါဝင်သော ကောင်စီဝင်( ၁၆) ဦးဖြင့်ဖွဲ့စည်းလိုက်ပါသည်။

## အပိုင်း ( ၂)

## အဆင့်ဆင့်သောဥက္ကဋ္ဌများ

**အခန်း — ၁။** ဥက္ကဋ္ဌဦးဘိတူရီလက်ထက်( ၁၉၄၆—၄၀ ခုနှစ်)

ဥက္ကဋ္ဌဦးဘိတူရီသည် မြောက်ဘောလခဲနယ်၊ ဒေါ်ရှိုးဆီရွာ နေ တိုက်သူကြီးတူရီ၏သားတော်ဖြစ်သည်။ အမည်ရင်းမှာတိုးရီဖြစ်သည်။ သေးပြီးပုသဖြင့်ကယန်းဘာသာဖြင့် ``ကိုဘိ`` ဟုသောကိုရီဟု ခေါ်ဆိုကြသည်။ ထို့နောက်ကိုဘိမှကိုရီဟုအမည်

တွင်သည်။ ငယ်စဉ်ကတည်းကပင်နှစ်ခြင်းသာသနာပြုဆရာကြီးများ၏အထောက်အကူ ကျောင်းအထက်တန်းပညာအဆင့်အထိပညာရေးကိုသည်းပူးနိုင်ခဲ့သည်။ ပညာရည်ထူးချွန်သူဖြစ်သည့်အလျောက် စော်ဘွားများသင်ယူရသောအုပ်ချုပ်ရေးသင်တန်းသို့တက်ရောက်ခွင့်ရ၍ ရွှေတံဆိပ်ထူးချွန်ဆုကိုဆွတ်ခူးနိုင်ခဲ့သည်။

ဦးဘီတူရီတွင်သားမယား (၅) ဆက်ရှိသည်။ ၄င်းတို့မှာ-

၁။ ဝိလဆင်အမေ

၂။ ဖိုးသောင်အမေ

၃။ နန်းမယ်ခိုအမတ်ကြီးစိုင်းနိုအမေ (လဲကြားစော်ဘွားသမီးတော်)

၄။ ရှီကီ (ခေါ်) ဒဘိုးရာနှင့်ဖျူးလီယာအမေ

၅။ ဒါးဖေ (ပူသိမ်သူ-သားသမီးမရှိ) - တို့ဖြစ်သည်။

ဥက္ကဋ္ဌဦးဘီတူရီလက်ထက်တွင် အောက်ပါလုပ်ငန်းများကိုဦးဆောင်ခဲ့သည် -

(က) ၁၉၄၆ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင်အင်္ဂလိပ်နှင့်ဗမာများသည်ကရင်နီပြည်ကိုတောင်တန်းဒေသနှင့်ပူးပေါင်းရေး၊ ဗမာပြည်နှင့်ပူးပေါင်းရေးဆွယ်တရားများကို လေ့လာရန်ဥက္ကဋ္ဌ ဦးဘီတူရီဦးဆောင်သောကန္တာရဝတီနယ်မှ စောဖျာစဝ်လဝီ နှင့် စဝ်ဖီနံ၊ လူထုကိုယ်စားလှယ်ဦးစိန်၊ ဦးဘသောင်း၊ စဝ်သိန်း၊ ကိုကြမ်း၊ ကြယ်ဖိုးကြီးနယ်မှ စောဖျာစဝ်ရွှေ၊ လူထုကိုယ်စားလှယ်ဦးအောမြလေး၊ မောင်ဖိုး၊ ဘောလခဲနယ်မှလူထုကိုယ်စားလှယ်ကြီးဇီ၊ မိုးဗြဲနယ်မှသိုင်းဘတန်၊ လူထုကိုယ်စားလှယ်စောဘီခဝါး တို့သည်လွိုင်ကော်မြို့မှထွက်ခွာ၍ ဧပြီလ (၂၆) ရက်နေ့တွင် တောင်ငူမြို့စောလွန်ဆင်ဒီဖိုးမင်းဦးဆောင် သောကရင်အစည်းအဝေးသို့တက်ရောက်လေ့လာခွင့်ရရှိခဲ့သည်။ ဧပြီလ (၂၇) ရက်နေ့ တွင်ရန်ကုန်သို့ရောက်ရှိကြသည်။ ဧပြီလ (၃၀) ရက်နေ့တွင်ဦးစိန်ကကရင်နီခေါင်းဆောင်များကိုဗိုလ်ချုပ်အောင်ဆန်းနှင့်မိတ်ဆက်ပေးသည်။ ဗမာခေါင်းဆောင်များကကရင်နီခေါင်းဆောင်များနှင့်အတူအမှတ်တရဓါတ်ပုံရိုက်ရန် မေတ္တာရပ်ခံသဖြင့်ဥက္ကဋ္ဌဦးဘီတူရီမှအပ၊ ကျန်ကရင်နီခေါင်းဆောင်များသည်ဗမာပြည်

ခေါင်းဆောင်များနှင့်အတူအမှတ်တရဓါတ်ပုံရိုက်ကြသည်။ ဥက္ကဋ္ဌ ဦးဘီတူရီသည်ဤကဲ့သို့ထွဲပြီး ဓါတ်ပုံမရိုက်ခြင်းမှာ ဖဆပလ ခေါင်းဆောင်များသည်အမှတ်တရဓါတ်ပုံရိုက်ခြင်းမဟုတ်ပဲ၊ ဤဓါတ်ပုံအပေါ် အမြတ်ထုတ်ရန်ဖြစ်သည်ဟုမြင်သဖြင့် ဓါတ်ပုံအရိုက်မခံခြင်းသါဖြစ်သည်။

ဥက္ကဋ္ဌဦးဘီတူရီ၊ စောဖျာစဝ်ရွှေနှင့် စဝ်သိန်းတို့သည်လည်း တောင်တန်းဒေသဆိုင်ရာမင်းကြီး မစ္စတာစတီဗင်ဆင်အား အတွင်းဝန်ရုံးတွင်သွားရောက်တွေ့ဆုံလေ့လာသည်။ ဤတွင်ကရင်နီခေါင်းဆောင်များသည်ရန်ကုန်မြို့သို့ ရောက်လျှင်ရောက်ခြင်း၊ အင်္ဂလိပ်ထံသို့အလျင်မသွားပဲ၊ ဗမာခေါင်းဆောင်များထံ သွားရောက်သဖြင့် မစ္စတာစတီဗင်ဆင်သည် ဝန်တို၍ "ဗမာညွှန့်ခံပြီးဖြစ်သဖြင့် အင်္ဂလိပ်အနေဖြင့် ညှိခံပြုစုရန်မလိုတော့ကြောင်း" စကားနာထိုးလိုက်ပါသည်။

(ခ) ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက် (၁၂) ရက် နေ့တွင်အမျိုးသားညီလာခံတရပ်ကိုကျင်းပပြီး၊ သီးခြားလွတ်လပ်သောကရင်နီပြည်ထောင်စု ကောင်စီကိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်တကွ ချမှတ်ဖွဲ့စည်းနိုင်ခဲ့သည်၊ ၎င်းအစည်းအဝေးတွင်ဦးဓိန်ကျော်ဝန်မှ ထုတ်ပယ်ပြီးဥက္ကဋ္ဌအဖြစ်ဦးဘီ၊ ဒုဥက္ကဋ္ဌအဖြစ်စောသိန်းကိုတင်မြှောက်သည်။

(ဂ) ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက် နေ့တွင်ကရင်နီပြည်သည် ဗမာပြည်နှင့်ပူးပေါင်းရန် ဖဆပလ ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်လွိုင်ကော်မြို့သို့ ရောက်လာပြီးမဲဆွယ်တရားဟောခဲ့သည်။ ထိုဟောပြောပွဲတွင်ကရင်နီအမျိုးသားခေါင်းဆောင်များနှင့်အမျိုးသားတရပ်လုံးကမတက်ရောက်ခဲ့ပေ။ လူမှုရေးအရဘာမှုနိုင်ငံရေးမသိနားမလည်သော ကျောင်းသူကျောင်းသားများသာအစိုးရအလယ်တန်းကျောင်းတွင် ဟောပြောပွဲကိုနားထောင်ခဲ့ရရှာသည်။

(ဃ) ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလနှစ်ဆန်းအတွင်းယခင် ၁၉၄၆ ခုနှစ်၊ နှင့်လအတွင်း ရေးဆွဲထားသောအလံတော်ပုံစံကို ဥက္ကဋ္ဌဦး သီတ္တရိ ဦးဆောင်ပြီးသယ်ယူလာရာပ ခေါင်းကြီးတွေ ခေါ်သော ဗန်ပယ်ရွာ သဲဘား ''ကိုဇဒ္ဒ'' ကိုထမ်း ဆော်ရှိုင်းဘော်ဖြူ သောလုံးတွင်း(ယခု လေထဘာညီတွင်း) တွင်စိုက်ထူလိုက်ပါသည်။

ထိုတရင်နီနိုင်ငံ တော်အလံတိုပထမတွင်နယ် လေးနယ် တိုယ်စားပြုသောအဆယ် တော်အဖြစ် ရေးဆွဲပြုစုရန်ဖြစ်သော်လည်း၊ ထိုအချိန်၌ ဖိုးဖြူနယ်သည်တရင်နီပြည်နှင့် ပေါင်း စည်း ရန် ဖြုတ်ချ ထားမထားအဖိုးရထဲအတည်မပြုသေး၍ ကောင်တန်း ဒေသဆိုင်ရာ မင်းကြီးမရှိတာစတိဗင်ဆင် ၏အကြံပြုချက်အရနယ်သုံးနယ်ဖြစ် သော ကြယ် ၃ ခုကြီး၊ အနီ၊ ဝါ၊ တစ်နှင့် သောလခဲနယ်သုံးနယ်ကိုသာကိုယ်စားပြု သောတရင်နီနိုင်ငံတော်အလံ တော်ကိုချမှတ်ခဲ့သည်။ နောင်ဖိုးဖြူ နယ်သည်တရားဝင်ပူး ပေါင်း သောအခါမှသာကြယ် လေးလုံး တင် ဆင်ရန်ဖြစ်သဖြင့်တရားဝင်မပူး ပေါင်းမီ၊ ကြယ်သုံး လုံးအလံတော် ကိုချမှတ်ခဲ့ပါသည်။( စာမျက်နှာ — တွင် ဖော်ပြထားပါသည်)

၎င်းကဲ့သို့ကြယ်သုံးလုံးအလံ တော်ကိုချမှတ်သဖြင့် ဖိုးဖြူနယ် ခေါင်းဆောင်များနှင့်ကိုယ်စားလှယ် တော်များအကြားအချီးမသာဖြစ် ခဲ့ရပါသည်။

(င) ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ( ၁၀ )ရက်နေ့တွင် ဥက္ကဋ္ဌဦးသီတ္တရိ နှင့် စောဖျာစဝ် ရွှေထိုဦး ဆောင်ပြီး နောင်တွင် နေ့နိုင်ငံတော် ဦးဆောင်နိုင်ရန်နှင့်နိုင်ငံ တော်ပေါ်ဘာဝန်ယူထမ်း ဆောင်နိုင် ရေးအတွက်တရင်နီလူငယ်အစည်းအရုံးကိုဖွဲ့စည်းရန် ဝီးယံသတ်ဂရော ဗူးဆီမိ၌ ဘွား နေ့ရှိ ငင်းချိုလမ်းညွှန်မှုအရတရင်နီအမျိုး သား လူငယ်အစည်းအရုံးကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ( ၁၂ )ရက် နေ့ တွင်ဖွဲ့စည်းတည် ထောင်လိုက်သည်။ အဆိုပါအစည်းအရုံး ၏ရုံး ကို ရှိုင်ဘော်ဖြူ မင်းထာရပ်ကွက်( ယခု ဒေါ်မြသီ ကျောင်း ၊ ကံသာ

ကျောင်းမှတ်နှာချင်းဆိုင်) တွင်တည် ဆောက်ခဲ့သည်။

ကရင်နီအမျိုးသားလူငယ်အစည်းအရုံး ဖွဲ့စည်းရာတွင်—

| | |
|---|---|
| ဥက္ကဋ္ဌ | ဖောရှူး လာခန်း |
| ဒု—ဥက္ကဋ္ဌ | ဆရာဖဲသာ |
| အတွင်းရေးမှူး | လူးသာ |
| ဘဏ္ဍာထိန်း | စံဘွေး |
| စာရင်းစစ် | အာဖြာတဲ |

တို့ကို ရွေး ချယ် တင် မြှောက်လိုက်ပါသည်။

၎င်းကရင်နီအမျိုးသားလူငယ်အစည်းအရုံး၏ အမှတ်အသားတံဆိပ် များမှာ—

| | |
|---|---|
| ပတ်ရုံ | ကာကီ ရောင် |
| ဦးထုပ် | အပြာ ရောင် |
| ဦးထုပ်တံဆိပ် | |
| လက်မောင်းတံဆိပ် | အောက်ခံအဝါရင့်ရောင် ပင့်ကူနက်ရုပ် ဖြစ်သည်။ |

၎င်းလူငယ်များကိုစစ်ပညာသင်ကြားပေးနိုင်ရန်အတွက်ဆရာ ဖဲသာ ( အင်္ဂလိပ် ရေတပ်ထွက်) နှင့်ဖိုးနီ ( အင်္ဂလိပ်ကြည်းတပ် ထွက်) တို့အားတာဝန် ပေးအပ်၍လူငယ် များကိုစစ်ပညာသင် ပေးပါသည်။

ကရင်နီအမျိုးသားလူငယ်အစည်းအရုံးတည် ထောင် ဖွဲ့စည်း သော နေ့တွင်ဥက္ကဋ္ဌဦးဘိုထူရီကလူငယ်များအားမှာကြား ချက် ( ၃) ခွန်းကိုမိန့်ကြားခဲ့သည်။ ၎င်းတို့မှာ—

၁။ သီးခြားလွတ်လပ် သောကရင်နီပြည်ကိုအမြဲတာရှည် စောင့် ရှောက်ထိန်းသိမ်းရန်၊

၂။ သီးခြားလွတ်လပ် သောကရင်နီပြည်ကိုတပါးနိုင်ငံလက် အောက်သို့မအဝင်ခံရန်၊

၃။ ကရင်နီနိုင်ငံ တော်၏ဧကဝန်သည်ကရင်နီအမျိုးသား
တိုင်းပေါ်ဧကဝန်ဖြစ်သည်။ ခသည်တို့ဖြစ်ပေသည်။

ထိုလယ်ပြီး စော ဖျာစဝ် ရွှေသည်လူငယ်များအားနောင် ဗ ခေတ်ကရင်နီပြည်တိုးတိုးတိတ်တိတ်သွား၍ ခေါင်းဆောင်နိုင် ရေးအတွက်နိုင်ငံ ရေးအသိပညာ၊ စစ် ရေးပညာနှင့်အုပ်ချုပ် ရေးပညာများကိုသည်းပွး လေ့ကျင့်လိုက်ကွန်းရှိ ဆောင်ရွက်ပါ သည်။

(စ) ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင်ရှမ်း ပြည်၊ ပင်လုံမြို့ကျင်းပပြုလုပ် သောညီလာခံအစည်းအဝေးတွင်ကရင်နီအမျိုးသား ခေါင်း ဆောင်များ၊ ကိုယ်စားလှယ် တော်များတစ်ဦးတစ် ယောက်မှ မတက် ရောက် ပေ။ ပင်လုံစာချုပ်တွင်မပါဝင် ကြောင်း ပင်လုံ စာ ချုပ်တို့ကြည့်ပါ။ ( ပူးတွဲထားသည်)

(ဆ) ၁၉၄၇ ခုနှစ်၊ ဧပြီလ( ၁၄) ရက် နေ့တွင်ရီးစ်ဝီလျံ ကော်မရှင် ( Rees William Commission ) မိတ် ဆော် ချက် အရ ဥက္ကဋ္ဌဦးဘီတူရီဦး ဆောင် သော ဘောလခဲနယ် မှလူထုကိုယ်စား လှယ် စော ရွှေ ဘေး၊ ကြယ် ဖိုးကြီးနယ်မှ စော ဖျာစဝ် ရွှေ၊ လူထု ကိုယ် စားလှယ်ဦး အေမြ လေး၊ မိုးဗြဲနယ် မှသိုင်းအောန်၊ လူထုကိုယ် စားလှယ် စော ဘော် ဘေး၊ ယန္တရဝတီနယ်မှ စဝ်လဝီ၊ လူထုကိုယ်စား လှယ် ဦးစိန်နှင့်ဝင်းထိဒသယ်ဝရာမူး( ဖြော ရေးချိန်နှင့် လေးအဝ်ခံ ရသူ ) နှင့်လူငယ်ကိုယ်စားလှယ်ဦးအ ဆောင်းတို့တက် ရောက်ခဲ့ပါ သည်။

ထိုရီးစ်ဝီလျံ ကော်မရှင်အစည်းအဝေးတွင်ကရင်နီကိုယ် စား လှယ် များနှင့်မိုးဗြဲကိုယ် စားလှယ် များကအချက် ( ၁၀ ) ချက်ကိုတင်ပြခဲ့ ပါသည်။ ( ပူးတွဲထား သည်)

၄င်းကိုယ် စားလှယ်တို့၏အချက် ( ၁၀ ) ချက်တို့မှာတို့ကယုံးဝ လက်မခံပါ။ ကရင်နီအမျိုးသား ခေါင်း ဆောင်များသည်းမိမိ သီး ခြားလွတ်လပ် သောအမျိုးနိုင်ငံ တော်ကိုဦးငြိမ်း၍ ဆုယ်ထိုင်ထားသည်။

ဗမာလူမျိုးတို့လည်းအယုံအကြည်မရှိဟုအတိအလင်းပြောဆိုခဲ့ပါသည်။
(

) မှတ်တမ်းတိုပြည့်ပါ။

(ဇ) ၁၉၄၇ ခုနှစ်၊ ဧပြီလတွင်ဖြစ်သောဗမာပြည်နိုင်ဥပဒေပြုလွှတ်တော်အမတ်ရွေးကောက်ပွဲကျင်းပရာတွင်အမတ်နေရာပေါင်း ၂၅၅ နေရာရှိသည့်အနက်—

| | | |
|---|---|---|
| ဗမာလူမျိုးအတွက် | ၂၁၀ | နေရာ |
| ကရင်အတွက် | ၂၄ | နေရာ |
| ကပြားအတွက် | ၄ | နေရာ |
| ရှမ်း၊ ချင်း၊ ကချင် | ၁၇ | နေရာ ဖြစ်သည်။ |

ဤတွင်ကရင်နီသည်သီးခြားလွတ်လပ်သောပြည်တပြည်ဖြစ်၍ အမတ်ရွေးကောက်သည့်နေရာတွင်မပါကြောင်းပေါ်လွင်ပါသည်။

(ဈ) ၁၉၄၇ ခုနှစ်၊ ဇွန်လ(၉) ရက်နေ့တွင်ဥပဒေရေးဆွဲရန် အစည်းအဝေးတရပ်တွင်ကရင်နီကိုယ်စားလှယ်တဦးက ဆောက်မှုမတက်ရောက်ခဲ့ပေ။ သို့သော်ကရင်နီအမျိုးသားအဖွဲ့ချုပ်၏ဆန္ဒမပါဝဲ၊ ကရင်နီပြည်ကိုဗမာပြည်တွင်းသို့သွတ်သွင်းရန်ဥပဒေထဲထည့်သွင်းသည်။

(ည) ဤကဲ့သို့ပြုလုပ်ခြင်းကြောင့် ၁၉၄၇ ခုနှစ်၊ ဇွန်လ( ၂၀ ) ရက်နေ့တွင်ဥဩဠဦးဘီတူရီနှင့် စဝ်သိန်းတို့သည်ဗြိတိသျှဘားမားဘုရင်ခံထံသို့သွားရောက်တွေ့ဆုံပြီး မေးမြန်းစုံစမ်းခဲ့ပါသည်။

(ဋ) ၁၉၄၇ ခုနှစ်၊ ဇွန်လ( ၂၆ ) ရက်နေ့တွင်အမျိုးသားအနေနှင့်အရဥဩဠဦးဘီတူရီနှင့်စဝ်သိန်းတို့ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောတနိုးထိုးစော ကြေငြာစာတစောင်ကိုထုတ်ပြန်ကြေငြာလိုက်ပါသည်။
( ထုတ်ပြန်ကြေငြာချက်ကိုပူးတွဲထားသည် )

(၄) ဥပဒေပြုလွှတ်တော်အစည်းအဝေးတွင်တရားဝင်ကိုယ်စား လှယ် တဦးတယောက်မျှမတက် ရောက်ပါသော်လည်းအကြံပက်စက် ယုတ်ညံ့သော ဖဆပလ ခေါင်းဆောင်တို့သည် ဗမာပြည်မှကရင်နီပြည်သို့လာ၍ ဝမ်းစာရှာ ဖွေစားသောက် သော ဗမာပြည်သား၊ ဗမာလူမျိုး တချို့ကိုမောင်ပိန်နှင့် စောဖျာဝင် ရွှေထီး တော်ဆုပ်က လေးအ ဖြစ်အမှုထမ်းသော အမြဲ လေး တို့နှစ်ဦးအား ဦးဘီတူရီနှင့်စဝ် သိန်း နေရာတွင်ကိုယ်စားလှယ်အဖြစ်အစည်းအဝေးတက် ရောက် ကြောင်း ဟု ကြော်ငြာတလင်းထိမ်လည်လှည့်ဖြား၍ကရင်နီပြည် အပြည် ဗမာပြည်နှင့်ပူး ပေါင်းရန်သဘောတူ ကြောင်းဥပဒေထဲ သိမ် ထည့်ထည့်သွင်းလိုက်ပါသည်။ (
ကိုကြည့်ပါ).

(၃) ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဖဆပလအဖွဲ့သည်ကရင်နီပြည် ကို ဗမာပြည်လက် အောက်သို့နိုင်ငံ ရေးအနုအာဏ်ဖြင့် သွေးဆောင်လှည့် ဖြားရန်မလွယ်ကူ ကြောင်းသိရှိ၍ယင်းတို့၏ ဗမာလူမျိုး ပါဝင်သော စစ်ပိုတပ်၊ အမှုထမ်းအရာထမ်း၊ ကျောင်းဆရာ၊ ဆရာမများ တို့ကရင်နီပြည်တွင်းသို့သွင်း၍ တစက်မှာမှုအမျိုးသားသစ္စာဖောက် များတို့ထံဆိုးလက် ဆောင် ပေးပြီးသိမ်းခြားလွှယ်လပ် သော ကရင်နီ ပြည်ပ ပျောက်ရန်စတင်အ ကောင်အထည် ဖော်ပါသည်။

ဤကဲ့သို့ပြုလုပ်ခြင်းသည်မတရား သောပြုလုပ်ခြင်းသာဖြစ် သည်ဟုကရင်နီပြည်သူလူထုနှင့်တကွကရင်နီအမျိုးသားခေါင်းဆောင် များတည်းနုံထက်နှံ့တွက်ခေါ်ပို့လိုက်သည်။ ထိုနည်းတူပင် ကျောင်း သူ ကျောင်းသားထုတလည်းဆန္ဒပြ ခဲ့ပါသည်။

(၅) ၁၉၄၀ ခုနှစ်၊ ဗွန်ထဗွင်နိုင်ငံ ရေး ဆုပ် ချုပ် ရေးသင်တန်းတက် ရောက်ရန် အောက်ပါရဲဘော်များကိုရန်ကုန်မြို့ စေလွှတ်ခဲ့သည်။

၁။ တောင် ဘောထခဲမှ စောထယ်ထွး

၂။ မြောက် ဘောထခဲမှ စီ ရွှေး

၃။ ကြယ် ဖိုးကြီး နယ်မှ — လယ်ထွား
၄။ တန္တရဝတီမှ — စထား လို
၅။ မိုးဗြဲနယ်မှ — ဖိုး နီ

(ဈ) ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၉) ရက် နေ့တွင် ဖဆပလဦး ဆောင် သော နယ်ခြားစောင့် ရေးသမားတို့သည်တရုတ်နီအမျိုးသား အစည်းအရုံး နှင့် ချုပ်ရုံးစိုက်ရာ ဥက္ကဋ္ဌဦးသီတွာရီ နေသော မြလဲရွာထိုအခါ ရှုံး မတက်မီ နိုက်(၄)နာရီအချိန်တွင်လက်နက်ကိုင်အကြမ်း ဖက်နည်း ဖြင့်စတင်ဝင် ရောက်ဖျက် ဆီး ခဲ့သည်။ ဥက္ကဋ္ဌဦးသီတွာရီ၏နေအိမ် ကိုလက်နက်မျိုးစုံဖြင့်တရစပ်ပစ်၍ ဥက္ကဋ္ဌဦးသီတွာရီလည်း ဇီဇီ ကိုင် ဆောင် သောတသိုင် သေနတ်ဖြင့်ပြန်လည်ပစ်ခတ်ရာ နယ်ခြား စောင့် ရေးအတွင်းမှနှစ် ယောက် သေ၍ ငါး ယောက်ဒဏ်ရာရရှိ သော ဥက္ကဋ္ဌဦးသီတွာရီနှင့်အ ပေါင်း ပါတို့သည်သီသီက လေးထွက် မြေ ကျသွား ပြီး မော်ဒီးအနီးတဝိုက်တွင်တိမ်း ရှောင် နေ ရ ပါသည်။ ဥက္ကဋ္ဌ ဦး သီတွာရီတိမ်း ရှောင် နေသည့်အချိန်တွင်ပန်ဆက်ရွာသား ဖြစ် သော ဗိုလ်ထိန်နှင့်အ ပေါင်း ပါ(၉) ဦးက ဥက္ကဋ္ဌဦးသီတွာရီကိုသယ်ယူပါထွယ် စောင့် ရှောက် ခဲ့သည်။

(ည) ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက် နေ့တွင် ဆောင်ငွေကြီး ရောက် ရှိ သောရန်ကုန်သို့နိုင်ငံ ရေး၊ အုပ်ချုပ် ရေးဆောင်တန်းတက်ရောက် သည်းပုံးမည့်ရဲဘော်များသည် ခေါင်း ဆောင်ကြီးများပြန်မှာသဖြင့် မော်ဒီးသို့ပြန်လည် ရောက်ရှိလာသည်။

(ဋ) ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက် နေ့ည နေ ဝိုင်းအချိန်တွင် မော်ဒီး၊ လိုခဲးလိုရွာနှင့်အစည်းအ ဝေး တရုတ်ကျင်းပ၍ ငွင်းအစည်း အဝေးတွင်တရုတ်နီပြည်ဇဝိမ ဘော်ထိုက်စည်းတည် ထောင်ပြီး ရဲဘော် (၇) ယောက်ဖြစ် သော—

၁။ ရဲဘော် ထောပလို

၂။ ရဲဘော် တော်ဒီ

၃။ ရဲဘော်စံ ရွှေး

၄။ ရဲဘော်ကယ်ထူး

၅။ ရဲဘော်စတား လို

၆။ ရဲဘော်လယ်ထူး

၇။ ရဲဘော်ဖိုး နီ တို့အားကရင်နီတပ်မတော်ကိုဦးစီး ကွပ်ကဲရန်တာဝန် ပေးအပ်ကြပါသည်။

(ဒ) ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့တွင် မော်ချီးမြို့သို့တပ်ချ ထား သော စစ်ရဲတပ်ကိုလက်နက်သိမ်းပြီး၊ ၄င်းစစ်ရဲတပ်တွင်းရှိ လားဟူရဲဘော်တို့သည်ကရင်နီတပ်မတော်နှင့်ပူးပေါင်းလိုက်သည်။

(ဓ) နယ်ခြားကျော် ရေးသမားတို့၏ ကရင်နီပြည်တို့ဝင် ရောက်ဖျက် ကျော် ဒေဝါတား ၅၅ ကိုလွှင် တော်မြို့သို့စဝ်ဘုန်းညာ (စဝ်သိန်း အစ်ကို) ထံအဝေး ရောက်ရှိ သောကရင်နီအမျိုးသားများ အား အကြောင်းကြားရန်အတွက် ၄င်း၏ မော်ဘော်တား ဒဂွိုင်အာ အတိုး ထို တောင်ကြီးမြို့သို့ စေလွှတ်လိုက်သည်။ ထိုနှင့်တိုင်းတိုနယ်တွင် သာသနာအမှုဆောင် သောနှစ်ခြင်းခရစ်ယာန်အသင်း ဆုပ် ဆရာသီဖွာရသရာ တော်ချစ် ရွှေအားကျိုင် မှေ့ခဲ့ ငှိုအဖြဲ့ကရင်နီ အမျိုးသားအများဆုံးရှိ သောအမှတ် (၁၃) စစ်ရဲတပ်သို့အကြောင်း ကြားရန်တာဝန် ပေးအပ်ပါသည်။ ၄င်းစစ်ရဲတပ်ကိုဦးဆောင် သောတပ်မှူးများမှာ—

၁။ ဗိုလ်ကြီး ဖွဝင်း — ကယန်း

၂။ ဗိုလ်ဖိန်း — ကယန်း

၃။ ဗိုလ်သန်းဖေ — ကရင်

၄။ ဗိုလ်လမြိုင် — ကယန်း

၅။ ဒု—ဗိုလ် ရွှေးဖဲ — ကယား

၆။ ဒု—ဗိုလ် သောင်းတန်  ကရင်

၇။ ဒု—ဗိုလ်ထီးနို  ကယော

တို့ဖြစ်ပြီး၊ ကြိုးမဲ့ကြေးနန်းအဆက်အသွယ်ကို ဗိုလ်လတယ်နဂိုရ်ထွန်း အား တာဝန်ယူနိုင်းသည်။

(ခ) ၁၉၄၀ ခုနှစ်၊ ဩဂုတ်လကုန်ပိုင်းတွင် နယ်ချဲ့ဗမာများ ကျော် ရေး သမား တို့သည်အမျိုးသားသစ္စာဖောက်နှင့်အတူ ဥဆ ဍဦးသီတုရိ ကို လုပ်ကြံရန်ကြံ ဖုံးကြီးနယ် စောဖျာစဝ် ရွှေထံသွား ရောက်၍ ကရင် နီပြည်တွင်းငြိမ်း ချမ်း ရေးအတွက်နိုင်ငံ ရေးအရ ဆွေး နွေး ရန် ဥဆ ဍဦးသီတုရိနှင့် တွေ့လို ကြောင်း၊ ဦးသီတုရိကို မြို့က ပေါက်မရှမ်း ဂေရဟုံးထုံတတ် ပေးပြီး ဥဆ ဍဦးသီတုရိကိုပြန်မှာခဲ့ သည်။

စောဖျာစဝ် ရွှေလည်း နယ်ချဲ့တို့နှင့်အမျိုးသားသစ္စာဖောက် တို့၏လှည့်ကွက်ကို မမြင်ပဲ၊ ယင်းတို့၏တာဝန်ခံသည့်အတိုင်းထုံကြည် သဖြင့်ဥဆ ဍဦးသီတုရိထံပြန်မှာလိုက်သောကြောင့်ရေး၌ မော်ပိုး ဆို ၊ ဓော်ဝယ်နှင့်တောင်ဝေ တို့ကိုသွားပို့ ခဲ့သည်။

ဥဆ ဍဦးသီတုရိလည်း စောဖျာစဝ် ရွှေစာကိုလက်ခံရရှိ သောအခါထက်တယ် ငြိမ်းချမ်း ရေးလိုလားသည်ကု အောက် မှ သ ဖြင့် မော်ပိုးသို့နှင့်အတူ စောဖျာစဝ် ရွှေ နေ ဖရူဆိုမြို့သို့ပြန်သွား လေသည်။

ဥဆ ဍဦးသီတုရိသည် ဖရူဆိုမြို့သို့ပြန် ရောက် သောအခါနယ် ချဲ့အုပ်စုတို့သည်ယင်းတို့၏ဟထိအတိုင်းငြိမ်း ချမ်း ရေးအတွက် မဆွေး နွေး ပဲ ဦးသီတုရိကိုကြိုးတုပ်ပြီးလျှင် သော်မြူ ချုပ် ထောင်ထဲသို့သွင်း လေသည်။ ဥဆ ဍဦးသီတုရိအား ချုပ် ထောင်ထဲ နေစဉ် ထောင်ဝင်စာ တွေ့ရန်ဝိလိုထဦးတညီးသားအခွင့်ရရှိ သော်လည်းစကား ပြောခွင့် မရရှိခဲ့ပါ။ ထိုအချိန်တွင်ဦးသီနှင့်ပါလာ သော ဒေးဝါခ်း သား မော်ပိုးလိုကိုလည်းယင်းတို့ကသတ်ပစ်လိုက်သည်။

အသာအချုပ်ထောင်ထဲ ရောက်၍ ကြောင်းကြားသိရ၍ ၄င်းပေါ် သွားဖြစ်သူ နန်းမယ်ခုံမှ အမတ်ကြီးစိုင်းနို့နှင့် ဥက္ကဋ္ဌဦးဘီတူရီ ပေါ် ပူထိပ်ထောင်း ဖျော့(ထီးလသူ ခု ရွှေသဘား) တို့သည်အ ... ကိုသွားကြည့် ရန်စီစဉ် နေစဉ်ယင်းတို့ကအမတ်ကြီးစိုင်းနို့နှင့် ထောင်း ဖျော့ ကို သတ်ပစ်လိုက်ပြန်သည်။ ထိုနည်းတူပင် ဦးဘီတူရီတိမ်းရှောင် နေစဉ် ဦးဘီတူရီအားတူညီလိုင်းပင်း သော ဆို ဆောသဲရွာသူကြီး အား ရယ် တို့လည်းသတ်ပစ်လိုက်သည်။

ထိုဆက်တည်းမှာပင်လွိုင်ကော်မြို့အရင်၊ ထယားရွာ လူကြီး များ ၊ ကျေးလက် တောရွာတွင်၍ သောသာသနာ့အရာရှိများနှင့် သူကြီးများတို့အမ်းဆီး၍ လွိုင်ကော်မြို့အကျဉ်းထောင်သို့လုံးထဲတို့ မ ထိုင်မအိပ်ရတတ်သည်အထိ နေ့ ရောညပါမတ်တပ်ရပ်ရ သောအခြေသို့ ပြုတ်သိပ်လိုက်သည်။

(ဂ) ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ(၇)ရက် နေ့ည(၁၁)နာရီအချိန် တွင်နယ်ခြားကျော် ရေးသမားများနှင့်အဖွဲ့သားသစ္စာ ခံဖိတ်တို့ သည်ဥက္ကဋ္ဌဦးဘီတူရီတို့အကျဉ်းထောင်မှထုတ်၍ ဂုံနီအိတ်ကြီး တလုံးထဲ သို့ထည့်သွင်းကာရဲ—ဒ ဂိုင်ဆာ မောင်ငြိမ်းအား ချုပ်ဗလက်(၃) တန်ကားထဲစီးဖြင့်ကြိုးနှင့်လွိုင်ကော်မြို့တပါတ်လှည့်လိုက်ခဲ့စေပြီး ၊ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ(၈)ရက် နေ့သန်းခေါင်ကျော်အချိန် တွင်လွိုင်ကော်မြို့အလယ်တံတား ပေါ်၌ရပ် စေသည်။ ထိုအခါနယ်ခြား သမားတို့သည် နောက်မှကြိုးကို ဖြေ၍ ဂုံနီအိတ်ထဲ၌ ရှိသော ဥက္ကဋ္ဌဦးဘီတူရီ တို့ကိုစူပ်ဘယ်နတ်ဖြင့်အချက် ပေါင်းများစွာထိုးပြီး ဥက္ကဋ္ဌဦးဘီတူရီ တို့ဘီလူးချောင်းထဲသို့ ရက်စက်စွာပစ်ချ သတ်ဖြတ်လိုက်ပါသည်။

(ဃ) ဥက္ကဋ္ဌဦးဘီတူရီကျဆုံးပြီးသည့်နောက်လွိုင်ကော်မြို့ရှိရပ်မိရပ်ဖ အချို့ကိုသတ်ရန် ဗိန်းချိပ်သို့ပို့ ထားသည်။ အဆိုပါရပ်မိရပ်ဖများမှာ

၁။ စတော်ဂျေး( ခေါ် )လှဦး
၂။ ချက်သင်( ခေါ် )တသား လသား
၃။ ဦးချစ်စိန်
၄။ နီထလစ်
၅။ ဝီလို
၆။ ဆောသိချင်း
၇။ ရွှေဘိုး — တို့ဖြစ်သည်။

အခန်း — ၂။ ဥဩဋ္ဌစစ် ရွှေလက်ထက်။

၁၉၄၀ပြည့်နှစ်၊ စက်တင်ဘာလ( ၀ ) ရက် နေ့မှ—
၁၉၅၆ခုနှစ်၊ ဖေဖော်ဝါရီလ( ၁ ) ရက် နေ့အထိ+

ဥဩဋ္ဌစစ် ရွှေသည်ကြွယ် ဖိုးကြီးနယ်ခေါ် ဆော်ဘွားဖြစ်သည်။ ငယ်စဉ်အခါက အထက်တန်း ကျောင်းအထိပညာသင်ကြားခဲ့ပြီး၊ ဒုတိယတန်းအစ်မဖြစ်မီ၊ အင်္ဂလိပ်ဗ မဟာသင်တော်( ). ဖြင့်ဝင် ရောက်၍ ဒု ဗိုလ်အဆင့်ရခဲ့ သော်သူဖြစ်သည်။ ဥဩဋ္ဌစစ် ရွှေသည်လူငယ်လူရွယ်ဖြစ်စဉ် ထား မကောင်းတော်ပြင်အထိအချုပ်ခံနေရပါ သောသူဖြစ်သည်။

ဥဩဋ္ဌဦးသိဗ္ဗရီအသက်ခံပြီးသည်နှင့် စောဖျာစစ် ရွှေသည်နယ်ခဲ့သမား များနှင့်အမျိုးသားသစ္စာ ဖေါက်တို့တမ်မှီအား ပေးထားခဲ့ သောထက်အတိုင်းထတိ မတည် သော ကြောင့်ခုခံ တော်လှန် ရေးထဲသို့ ခြေစုံပစ်ဝင် ရောက်လိုက်ပါသည်။ စောဖျာစစ် ရွှေလက်ထက်တွင်—

(က) ၁၉၄၀ ခုနှစ်၊ ဆက်တင်ဘာလ( ၂၄ ) ရက် နေ့တွင်ကရင်နီအမျိုး သားအများအပါဝင် သောလှိုင် မြေ့မှစစ်ကုမ္ပဏီ( ၁၃ ) သည် ဗိုလ်ကြီးလှဝင်းဦး ဆောင်ပြီးတော်လှန်+ ဆော်ဂျင်ကြီးသို့ပြန်ရောက် လာ၍ ဆောင်ကြီးမြို့တွင်ရှိ သောကရင်နီအမျိုးသား တပ်သား အချို့နှင့်ပူး ပေါင်း၍တရက်တည်း၌ထက်ရက်ဖို့ နေ့ည( ၁၁ )နာရီ အချိန်တွင်လှိုင် တော်မြို့တမြို့လုံး ကိုပြန်လည်သိမ်းပိုက် နိုင် ခဲ့သည်။

(ခ) ၁၉၄၀ ခုနှစ်၊ စက်တင်ဘာလ(၂၃) ရက် နေ့တွင် ဓါတ်တိုင်ဘက်မှ အမတ်ကြီး ပေါလုဦး ဆောင် သော အမျိုးသားလက်နက်ကိုင် အဖွဲ့ သည်ဖှိုင် ကောဘ်မြို့သို့ ဆိုက် ရောက်လာသည်။

(စ) ၁၉၄၀ ခုနှစ်၊ စက်တင်ဘာလ(၂၆) ရက် နေ့ည နေ(၃)နာရီ အချိန်တွင် မေဘ်နီးမှဆုတ်လာ သော ရန်သူတပ်ခွဲတခွဲကို ဗိုလ် လမြိုင် ဦး ဆောင် သော တပ်စုတစုတယင်းတို့အား ဖမ်း ဆီး ၍ လက်နက်သိမ်း ယူလိုက်သည်။

(သ) ၁၉၄၀ ခုနှစ်၊ စက်တင်ဘာလ(၂၇) ရက် နေ့တွင် မေဘ်နီးစစ် ကြောင်းမှရဲ ဘော်(၇) ဘော်ဦး ဆောင် သော တရင်နီတစ် မ ဆော်နှင့်ကြယ် ဖိုးကြီးနယ်တဝိုက်တွင်ပျက်ပြား နေသည့်ရဲဘော် စော မော်ရယ်တို့ခေါ်တပ်များသည် ဥဩ ၄စ် ရွှေနှင့်တဖွဲ့ကိုင် ကောဘ်မြို့သို့ပြန်လည် ရောက်ရှိလာသည်။

ဤကဲ့သို့ နိုင်ငံတခုလုံးကိုပြန်လည်သိမ်း ပိုက်နိုင်ရခြင်း အကြောင်းရင်းမှာ အောက်ပါစစ် ကြောင်း လေး ကြောင်းနှင့် တရင်နီပြည်ရှိအမျိုးသားစည်းလုံးညီညွတ်မှုတို့ ကြောင့် အောင်မြင် မှုရရှိခဲ့ခြင်းဖြစ် ပေသည်–

ပထမစစ် ကြောင်း – ဖှိုင်ဒေ့မှဖှိုင် ကောဘ်သို့စစ် ကြောင်း
ဒုတိယစစ် ကြောင်း – မေဘ်နီးမှဖှိုင် ကောဘ်သို့စစ် ကြောင်း
တတိယစစ် ကြောင်း – ဓါတ်တိုင်မှဖှိုင် ကောဘ်သို့စစ် ကြောင်း
စတုတ္ထစစ် ကြောင်း – ကြယ် ဖိုးကြီးနယ်မှဖှိုင် ကောဘ်သို့စစ်ကြောင်း

(င) ၁၉၄၀ ခုနှစ်၊ အောက်တိုဘာလ(၃) ရက် နေ့တွင်အစည်း အဝေးပြုလုပ်ပြီး အုပ်ချုပ် ရေးနှင့်အဖွဲ့ကိုပြန်လည် ဖွဲ့စည်းလိုက်ပါ သည်။

၁။ တရင်နီရှမရင်း ကောင်စီ၊ နိုင်ငံ တော်ဥဩ ၄ထိုဝေ ဘျာ စစ်ရွှေအားသည်း ဆောင်း၊

၂။ အတွင်း ရေးမှူး ချုပ်အ နေဖြင့်ဝ တော ဝေဆိုး( ဓော် )မှဦး အားယည်း ဆောင်း၊

၃။ ဥသြဌစဝ် ရွှေဒီတိုက် ရေးအတွင်း ရေးမှူးတို့ကို စောဘ(ခ) ကော်ဘအဘးလည်း ကောင်း၊

၄။ တာဝှယ် ရေးတာဝန်ခံကို စောဘခဲ ရေအဘးလည်း ကောင်း၊

၅။ တစ်တိုဦးစီးရန်စစ်ဦးစီး ချုပ်အ နေဖြင့် ဗိုလ်မှူး ချုပ်ဖွဝင်း အဘးလည်း ကောင်း၊

၆။ တစ်ဝိုဏ္ဍာစုံ ဆောင်းဖြန့်ဖြူး ရေးအတွက်ဆရာဘနီအဘးလည်း ကောင်း၊

၇။ စစ်သင် ရေးမှူးအ နေဖြင့်ဗိုလ်ကြီး ဘောပလိုအဘးလည်းကောင်း

၈။ နယ်အသီးသီး၌ စောဖျာများအဖြစ်—

ကြယ် ဒိုးကြီးနယ်တွင် စောဖျာဦးရယ်
ထန္တရဝတီနယ်တွင် စောဖျာစံဝ်ဖီနှ
ဘောလခဲနယ်တွင်ဝီလဆင်ဘိုရှရီ
မိုးဗြဲနယ်တွင်အမတ်ကြီး ပေါလုံ တို့အဘးလည်း ကောင်းအသီးသီး တာဝန် ပေးအပ်လိုက်ပါသည်။

အစည်းအဝေး၌ဆုံးဖြတ် ချမှတ် ချက်အရတစ်ကိုတိုး ခွဲရန် အတွက်နယ်၌ စောဖျာများအဘးစုစ်ဃဘးစု ဆောင်းရန်တာဝန် ပေးအပ်သဖြင့်၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလအန်းတွင်တစ် ခင် အဘး (၂၀၀၀) နှစ် ထောင်စု ဆောင်းရ၍ခဲ့သည်။

(စ) ၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက် နေ့တွင် ဖဆပလအဖွဲ့မှဗိုလ် ရန်အောင်နှင့် စောကြာတိုးထုံအရင်နီ ခေါင်း ဆောင်များနှင့် ဆွေး နွေးရန် စေလွှတ်သဖြင့် ကောင်ကြီး၌တဆင့်လှိုင်ကော်မြို့သို့ ရောက်ရှိလာသည်။ ထို နောက်လတ္တနီပိုင်းတွင် ချင်းတစ်ထတပ်ကို လှိုင်ကော်မြို့သို့ပို့လာသည်။ အစကနဦးတွင်ငြိမ်း ချမ်းရေးအတွက် အတူတကွ နေရန် ပြောသဖြင့်ငှင်း ခုနှစ်ဒီဇင်ဘာလ (၂၄) (၂၅) ရက် နေ့တွင် ချင်းတပ်နှင့်ကရင်နီတစ်မှ ကော်တို့သည် ခရစ်စမတ် ပွဲ ဆောင်ကိုအတူတကွကျင်းပခဲ့ ပေသည်။ သို့ သော် ခရစ်စမတ်ပွဲ ပြီး သည်နှင့်ချင်းတပ်သည်လှိုင်ကော်နှင်း ဖောက်သို့စစ်ထိုးလာပြန်သည်။

ကရင်နီတပ်မ တော်လည်းပြန်လည် ခုခံတိုက်ခိုက်၍ ချင်းတပ်မှာ တပ်ခွဲတခွဲလုံး သေကြေဒဏ်ရာရပြီးပြန်လည်ဆုတ်ခွာသွားရသည်။

(ဆ) ထိုအချိန်တွင်ကရင်နီတပ်မ တော်တို့ ရိက္ခာစီစဉ်ဖြန့်ဖြူးထုတ်လုပ် ပေးရသည့်အရာသာမက နေ သော ရွာသည်အိမ်ခြေ (၅) လုံးသာ ရှိသည့် နောင်ပုလဲ ဒေါသယ်တီရွာဖြစ်ပြီး ၊ ၎င်းအိမ်တို့ ၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက် နေ့တွင် လေယာဉ်ဖြင့်ဗုံး (၁၇) လုံးကြဲတာ တော် သေနတ်ဖြင့်လာပစ်ခြင်းတို့ခံခဲ့ရသည်။ အရာ အနီ ဒေါ်နွားထီး ဒဏ်ရာအနည်းငယ်သာရရှိသည်မှအပအခြား တစုံ တရာထိခိုက်မှုမရှိခဲ့ချေ။

(ဇ) ၁၉၄၀ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက် နေ့တွင်ဗ လေ ယာဉ်မှ ရှ ဆောင်းသည့်ရန်သူတပ်များသည်အင်အား အပြည့်အစုံနှင့်လွိုင် ကော်မြို့သို့ဝင် ရောက်တိုက် ခိုက်ရာ ဆုတ်ခွာပြန်သည်။ ယင်းတို့ သည် မှန်တိုင်းယပ်ထူအမည် ပေးထားသည်။

(ဈ) ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက် နေ့တွင် မေမြို့ ရှိ သော ကရင်တပ်ရင်း (၃) ဗိုလ်ကြီးထွန်း အေးဦး ဆောင် သည့် တပ်ခွဲတခွဲသည်က လော တောင်ကြီးမှတဆင့်လွိုင် ကော်မြို့သို့ရောက် ရှိလာပြီး ကရင်နီတပ်မ တော်နှင့်ပူး ပေါင်းသည်။

(ည) ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက် နေ့တွင်အင်းစိန် မှ ဗိုလ်မှူးရစ်ချမင်း (ခ) ထော်ပလိုဦး ဆောင် သော တပ်နှင့် ဗိုလ်မှူး နောင်စိုင်းဦး ဆောင် သော တချင်းတပ်တို့သည်လွိုင်ကော် မြို့သို့ပြန် ရောက် ရှိလာသည်။ ထိုလအာ လာ အတွင်း ဗိုလ်မှူးအယ်စ် ဒီနီး ဦး ဆောင် သော ကရင်တပ်ရင်း (၃) သည် တောင်ကြီး မှလွိုင် ကော်သို့ ရောက်ရှိလာသည်။

(ဋ) ၁၉၄၉ ခုနှစ်၊ နွေရာသီပိုင်းတွင် မဟာ မိတ်တ ချင်းတပ်တရင်း တပ်တို့နှင့်ပူးတွဲပြီး တောင်ကြီးသို့ ချီတက် ခဲ့သည်။ ဗိုလ်မှူး နောင် စိုင်းဦး ဆောင် သော တချင်းအဖွဲ့က ချင်ပြည်ပြန်တက်ရန် ဥဿန စဝ် ရွှေတအရာအနီထံ ငွေ ၃၀၀၀၀/ ချေးသည်။

(၆) ၁၉၄၉ ခုနှစ်၊ ပြဝ္ဂတ်လ( ၃၁) ရက် နေ့တွင်ရန်သူသည် ခေတ်မီ လက်နက်များနှင့်ကုန်း ကြောင်း ရေ ကြောင်းဖြင့်ထိုးစစ်ဆင်လာ ပြန်ရာကရင်နီအစိုးရနှင့်တပ်များသည် မော်ချီး ဖက်သို့ဆုတ် ခွါ ရသည်။ ထိုကာလအတွင်းကရင်နီအစိုးရရုံးကို မော်ချီးတွင်ထားရှိ မှု စစ် ရေးကိစ္စနှင့်ပတ်သက်၍ တပ်မတော်ဌာနချုပ်ရုံးကို ဖါးခေါင်း တွင်ထားရှိသည်။

(၇) ထိုအချိန်တွင်ကရင်နီအစိုးရသည်ကရင်နီစုပေါင်းတောင်စီအနေ ဖြင့်ရပ်တည်ပြီး စုပေါင်း ခေါ်ခဲ့ခြင်း( ) နိုင်ငံ တော်ဥက္ကဋ္ဌတာဝန်ကို စောဖျာစစ် ရှေ့ဆက်လက်တာဝန် ယူ၍ နယ်အသီးသီး၏ ခေါင်း ဆောင် များအဖြစ်—

ကန္တာရဝတီ၌ စောဖျာစစ်ဖိန

ကြယ်ဖိုးကြီး၌ စောဖျာဦး ရယ်

ဘောလခဲ၌ ဦးလိုဘာထူး

နီးဗြဲ၌ ပေါ်ထူ ဟူ၍တာဝန် ပေးအပ်ခဲ့ပါသည်။

တပ်ကိုမူ ဧကာဒိသူး ဆေတစ်နှင့်ပူးတွဲ၍ ဝင်းသဂြိုဟ်အမည် ဖြင့် ယည်း တောင်း၊ တခါတရံ ဗိုလ်( ၁) တောင်ငူဘရိဂိတ်(No. 1 Towngoo Brigade. )ဟူ၍ဖြစ်ခဲ့ရသည်။ တပ်ကို ဦးစီး ကွပ်ကဲရန်—

၁။ ဗိုလ်မှူးကြီးလှ (Brig Hla Win) ဝင်း

၂။ ဗိုလ်မှူး ရေးရာမှူး (Brigade Major ) Living Stone.

၃။ ထင်မတော်တပ် ထောက် (Quarter Master General) ဘ ဘေး လို

၄။ တပ်ရင်းမှူးများအဖြစ်—

တပ်ရင်း ( ၁) ဗိုလ်မှူးလထန်

တပ်ရင်း ( ၂) ဗိုလ်မှူးဘွားရယ်

တပ်ရင်း ( ၃ )  ဗိုလ်မှူး ရွှေးခဲခရောင်း

ကိုအားတာဝန် ပေးအပ်လိုက်ပါသည်။ ထိုအချိန်တွင်ဥက္ကဋ္ဌစဝ်ရွှေကို ဗိုလ်ဗန်းကလုပ်ကြံရန်အစီအစဉ်ရှိသဖြင့် ဗိုလ်မှူးတာအားလုံအား ဗိုလ်ဗန်းကိုလိုက်လံတိုက်ခိုက်ရန်တာဝန် ပေးအပ်သည်။

( ခ )  ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ဥက္ကဋ္ဌစဝ် ရွှေသည်အန်တော် မြို့၌ ဗိုလ်ချုပ်ကြီးလီးမီး( LIMI ) နှင့်အပြန်အလှန်တွေ့ဆုံရန်သဘော တူစာချုပ်ချုပ်ဆိုခဲ့သည်။ ၎င်းခုနှစ် မတ်လအတွင်း ဗိုလ်မှူး ချုပ် ချန်ဖွေမ်ဦး ဆောင်သော( K.M.T) တပ်သည်ကရင်နီပြည် သို့ဝင် ရောက်လာသည်။ ထိုအချိန်တွင် ဗိုလ်မှူး ယောပလိုဦး ဆောင်သော တပ်သည် ရှမ်းပြည်နယ်ဖော်နှံလည်း ကောင်း၊ မယ်စိုရှင်နှံလည်း ကောင်းစခန်းချခဲ့သည်။ (KMT.) ဖက်မှ( MR. HO. ) ဦး ဆောင် သောအဖွဲ့သည်မယ်ဆိုနန်တွင်စစ်သင်တန်းလာရောက် ဖွင့်လှစ်သဖြင့်ဥက္ကဋ္ဌစဝ် ရွှေညွှန်ကြားချက်အရ ဗိုလ်မှူး ယောပလို သည်သိလွင်မြစ်အနောက်ဖက်သို့ ရွှေ့ပြောင်းရသည်။

